**နိုင်ငံတကာအမျိုးသမီးများနေ့အပေါ်**
**ကရင်အမျိုးသမီးအစည်းအရုံး၏ သတင်းစကား**
**ဆောင်ပုဒ် "Inspire Inclusion - အားလုံးပါဝင်ရေးကို လှုံ့ဆော်စို့"**
**၂၀၂၄ ခုနှစ်၊ မတ်လ (၈) ရက်နေ့**

ယနေ့သည် (၁၁၃)ကြိမ်မြောက် နိုင်ငံတကာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဖြစ်သည်။ နိုင်ငံတကာအမျိုးသမီးများနေ့ကို ၁၉၁၁ခုနှစ်တွင် စတင် ကျင်းပခဲ့ပြီး ကုလသမဂ္ဂက ၁၉၇၇ခုနှစ်၊ မတ်လ (၈)ရက်နေ့တွင် နိုင်ငံတကာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ခဲ့ရာ ထိုအချိန်မှစ၍ ကမ္ဘာပေါ်ရှိ အမျိုးသမီးများက မတ်လ (၈)ရက်နေ့ကို နိုင်ငံတကာအမျိုးသမီးများနေ့ အဖြစ် ကျင်းပပြုလုပ်ခဲ့ကြသည်။ ယခုနှစ် နိုင်ငံတကာအမျိုးသမီးများနေ့၏ ဆောင်ပုဒ်မှာ "Inspire Inclusion" **"အားလုံးပါဝင်ရေးကို လှုံ့ဆော်စို့"** ဟူ၍ဖြစ်သည်။ ဤဆောင်ပုဒ်သည် ကရင်လူမျိုးတစ်မျိုးတည်းအတွက်သာမက မြန်မာတစ်နိုင်ငံလုံးအတွက်ပါ လွန်စွာ သက်ဆိုင်မှုရှိသည်ဟု KWO က ယူဆပါသည်။

ကရင်အမျိုးသမီးအစည်းအရုံး(KWO)၊ အမျိုးသမီးများအဖွဲ့ချုပ်-မြန်မာနိုင်ငံ(WLB)နှင့် မြန်မာနိုင်ငံအတွင်းရှိ အခြားသော အမျိုးသမီးအဖွဲ့အစည်းများသည် လူမှုအဖွဲ့အစည်းအတွင်းရှိ ဆုံးဖြတ်ချက်ချနိုင်သည့်အဆင့်များနှင့် ဦးဆောင်မှုအခန်းကဏ္ဍများ၌ အမျိုးသမီးများ ပါဝင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ မိမိတို့ဆောင်ရွက်ချက်များမှာ တိုးတက်ပြောင်းလဲမှု အနည်းငယ်ရှိလာသည်ဟု မြင်တွေ့ရသော်လည်း အမျိုးသမီးများ၏ ဘဝအပေါ် သက်ရောက်မှုရှိသော ဆုံးဖြတ်ချက်ချရသည့် အဆင့်တိုင်းတွင် အမျိုးသမီးများ ပိုမိုပါဝင်မှုကို မြင်တွေ့နိုင်ရန် ကြိုးစား၍ တိုက်ပွဲဝင်နေရဆဲပင် ဖြစ်သည်။

ကရင်အမျိုးသမီးအစည်းအရုံး၏ ရည်ရွယ်ချက်များအနက် တစ်ချက်ဖြစ်သော ကရင်အမျိုးသမီးများအား ရပ်ရွာအဆင့်သာမက ပိုမိုကျယ်ပြန့်သော နိုင်ငံရေးအဆင့် ဆုံးဖြတ်ချက်ချမှတ်သည့် နေရာအဆင့်ဆင့်တွင် တက်ကြွစွာ ပါဝင်နိုင်ရေးအတွက် အခွင့်အာဏာပေးရန် ဖြစ်သည်။ ထိုရည်ရွယ်ချက်သို့ရောက်ရှိနိုင်ရန် မိမိတို့အနေဖြင့် အမျိုးသမီးများအတွက် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များ ဆောင်ရွက်ပေးခြင်း၊ မူဝါဒများကို ချမှတ်ခြင်းနှင့် အမျိုးသမီးများအတွက် အောက်ခြေလူထုအဆင့်မှ နိုင်ငံရေး ဦးဆောင်မှုအဆင့်ထိ စည်းရုံးလှုံ့ဆော်မှုများပြုလုပ်ခဲ့သော်လည်း ရှေ့ဆက်သွားရမည့်ခရီးလမ်းသည် ရှည်လျားနေသေးသည်။

လက်ရှိအချိန်တွင် အချို့အမျိုးသမီးများမှာ နိုင်ငံရေးဦးဆောင်သူများနှင့် လူထုခေါင်းဆောင်များ ဖြစ်နေကြသည်ကို တွေ့မြင်ရပါသည်။ ဤတိုးတက်ပြောင်းလဲမှုကို ဂုဏ်ပြုပြီး မိမိတို့၏ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုကာ အခန်းကဏ္ဍတိုင်း၌ အမျိုးသမီးများ ပိုမိုပါဝင်လာစေရေး တောင်းဆိုမှုများကို ဆက်လက် လုပ်ဆောင်ရင်း မိန်းခလေးငယ်များ၊ အမျိုးသမီးများနှင့် လူမှုအသိုင်းအဝိုင်းများကလည်း အမျိုးသမီးများ၏ ဦးဆောင်မှုသည် အောက်ခြေရပ်ရွာအဆင့်နှင့် နိုင်ငံအဆင့်အထိရှိနေကြောင်း သိမြင်လာစေရန်အတွက် တိုက်တွန်းနှိုးဆော်လိုပါသည်။

၂၀၂၁ခုနှစ်က စစ်တပ် အာဏာသိမ်းမှု ကြိုးပမ်းခဲ့စဉ်ကတည်းက အမျိုးသမီးများသည် အကြမ်းဖက်စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုကို မမျှတစွာ ထိခိုက်ခံစားခဲ့ရသည်သာမက အာဏာရှင်စနစ် အဆုံးသတ်ရေးနှင့် တိုင်းပြည်ငြိမ်းချမ်းရေး ဆောင်ကြဉ်းသည့် တော်လှန်ရေးတွင်လည်း များစွာ ပူးပေါင်းပါဝင်ခဲ့ကြသည်။ ဤသို့ ရဲစွမ်းသတ္တိအတွက် အမျိုးသမီးများကို အသိအမှတ်ပြုပြီး တရားမဝင် စစ်အာဏာရှင်ကို ခုခံတော်လှန်ရာတွင် အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍများကို ဂုဏ်ပြုမှတ်တမ်းတင်ရန် လိုအပ်သည်။

ထို့ကြောင့် အမျိုးသမီးများအတွက် မူဝါများ ချမှတ်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်တိုင်းတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရေးအတွက် လူတိုင်းကို ကြိုးစားအားထုတ်ပေးကြရန် တောင်းဆိုလိုက်သည်။

နိုင်ငံတကာအမျိုးသမီးများနေ့တွင် မိမိတို့၏ တိုးတက်ပြောင်းလဲမှုကို အသိအမှတ်ပြုခြင်းဖြင့် မြင်တွေ့နေရသော်လည်း မြန်မာနိုင်ငံတွင်း သောင်းပေါင်းများစွာသော အမျိုးသမီးများ၏ အဆက်မပြတ်သော ကြောက်ရွံ့မှုနှင့် စိုးရိမ်ဖွယ်ဘဝများဖြင့် အသက်ရှင်သန်နေကြဆဲဖြစ်ကြောင်း သတိပေးလိုပါသည်။ မိမိတို့သည် ၎င်းတို့အား ဆက်လက်ကူညီရန်နှင့် ၎င်းတို့အား ထိတွေ့ဆက်ဆံပြီး ခွန်အားဖြစ်စေသော နည်းလမ်းများဖြင့် ပံ့ပိုးကူညီသင့်သည်။

ထို့အပြင် အနာဂတ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ဖြစ်စဉ်၌လည်း အမျိုးသမီးများ ကိုယ်စားပြုမှုနှင့် ၎င်းတို့၏အမြင်များ အပြည့်အဝ ပါဝင်ရေးကိုလည်း သေချာစွာလုပ်ဆောင်ရမည်။ အလားတူ အနာဂတ်တွင် ဖွဲ့စည်းမည့် ကြားကာလ အစိုးရအဖွဲ့၌လည်း အမျိုးသမီးဦးဆောင်မှုပါဝင်ရန်နှင့် ကျား/မတန်းတူရေးကို အာမခံချက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ရှိရမည်ဖြစ်သည်။

လက်ရှိကာလ ရက်စက်ကြမ်းကြုတ်သည့် စစ်အုပ်စုကို ဖြိုခွင်းပြီး အမျိုးသမီးများနှင့် မြန်မာနိုင်ငံရှိ ဖယ်ကျဉ်ခံထားရသူ အားလုံး ပါဝင်လာစေရေး လှုံ့ဆော်နိုင်သည့် နိုင်ငံသစ်ကိုဖန်တီးရန်အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြပါစို့။

အားလုံးပျော်ရွှင်သော နိုင်ငံတကာအမျိုးသမီးများနေ့ ဖြစ်ပါစေ။

**ဗဟို အလုပ်အမှုဆောင်ကော်မတီ**
**ကရင်အမျိုးသမီးအစည်းအရုံး(KWO)**
**ဗဟိုဌာနချုပ်**